## မြန်မာနိုင်ငံက ထွက်ခွာလာတဲ့ ကုလဌာနေကိုယ်စားလှယ် ချားလ်စ် ပက်ထရီနဲ့ သီးသန့်တွေ့ဆုံ မေးမြန်းချက်
## ၅ ဒီဇင်ဘာ ၂၀၀၇

ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်းက မြန်မာနိုင်ငံအရေးဝိုင်းပြီးတော့ လုပ်ဆောင်နေတာဟာ တခုတည်းသော ဘုံတူညီတဲ့ ရည်ရွယ်ချက်အတွက် ဖြစ်ပါတယ်တဲ့။ အဲဒါကတော့ မြန်မာနိုင်ငံတိုးတက်စေချင်တဲ့ စေတနာဖြစ်ပါတယ်လို့ပြောလိုက်သူကတော့ ဒီကနေ့ဘဲ မြန်မာနိုင်ငံကနေထွက်ခွာလာခဲ့ရပြီဖြစ်တဲ့ ကုလသမဂ္ဂရဲ့ မြန်မာနိုင်ငံဆိုင်ရာ ဌါနေကိုယ်စားလှယ်ဟောင်း မစ္စတာချားပက်ထရီဘဲဖြစ်ပါတယ်။ သူဘန်ကောက်ကို ဒီနေ့ရောက်ရောက်ချင်းဘဲ ဘန်ကောက်မှာရှိနေတဲ့ ကျနော်တို့ရဲ့ ဗွီအိုအေဝိုင်းတော်သူ ဒေါ်ခင်စိုးဝင်းက သီးခြားတွေ့ဆုံမေးမြန်းထားပါတယ်။ ဒီအကြောင်း ဒေါ်ခင်စိုးဝင်း က ဘန်ကောက်မြို့ကနေ တိုက်ရိုက် လေလှိုင်းပေါ်ကနေ သတင်းပေးပို့ထားပါတယ်။

ဟုတ်ကဲ့ ဒေါ်ခင်စိုးဝင်းကြားရပါလားခင်ဗျ၊ ဟုတ်ကဲ့ မစ္စတာချားပက်ထရီနဲ့ ကိုယ်တိုင်တွေ့ဆုံ ထားတာတွေ ပရိတ်သတ်ကိုပြောပြဦးခင်ဗျ –

မစ္စတာချားပက်ထရီဟာ မြန်မာနိုင်ငံမှာ ၅ နှစ်သက်တမ်းတာဝန်ယူရမှာဖြစ်ပေမယ့်လို့ သူရဲ့မြန်မာနိုင်ငံမှာနေထိုင်ခွင့်သက်တမ်းကလည်း ရှေ့နှစ်ဇူလိုင်လကျမှ ကုန်ဆုံးမှာဖြစ်ပါတယ်။ ဒါပေမယ့်သူ့ကို မြန်မာနိုင်ငံအတွင်းမှာ လူမှုစီးပွားရေးတွေရဲ့ပြဿနာတွေကို နေ့စဉ် ကိုယ်တိုင်ခံစားသိရှိနေတဲ့အကြောင်းတွေကို သံဃာတော်တွေက လူထုရဲ့ကိုယ်စား ဆန္ဒထုတ်ဖေါ်ခဲ့ကြတဲ့ အတွက်ကြောင့်မို့လို့၊ ဒီဆန္ဒထုတ်ဖေါ်ခဲ့ကြတာတွေကို ဒီအာဏာပိုင်တွေက အင်အားသုံးနှိမ်နင်းခဲ့တာနဲ့ပတ်သက်ပြီးတော့ ကုလသမဂ္ဂအဖွဲ့အစည်းတွေ၊ ဒီ အန်ဂျီအိုလို့ခေါ်တဲ့ အစိုးရနဲ့မသက်ဆိုင်တဲ့ အဖွဲ့အစည်းတွေကိုယ်စား ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် ဌါနေကိုယ်စားလှယ် တယောက်အနေနဲ့ မစ္စတာ ချားလ်စ် ပက်ထရီက ကြေငြာချက်ထုတ်ပြန်ခဲ့ပါတယ်။ အဲဒီကြေငြာချက်ကြောင့်မို့လို့ မြန်မာအာဏာပိုင်တွေက အမျက်ရှပြီး သူနဲ့ဆက်ပြီးအလုပ်လုပ်လို့မဖြစ်တော့ပါဘူးဆိုပြီး နိုင်ငံကနေ နောက်ဆုံး ထားပြီးတော့ ဒီနေ့ထွက်ခွာစေခဲ့တာဖြစ်ပါတယ်။ အဲဒီကြေငြာချက်ထုတ်ပြန်ခဲ့တာနဲ့ပတ်သက်ပြီးတော့ မစ္စတာချားပက်ထရီက အခုလိုပြောပြပါသေးတယ် –

> “ဘယ်သူ့ကိုမှ အရှက်ရစေလိုတဲ့စေတနာနဲ့ ရည်ရွယ်ပြီးတော့ ဒီကြေငြာချက်ကို ထုတ်ခဲ့တာမဟုတ်ခဲ့ပါဘူးတဲ့။ ကုလသမဂ္ဂထူထောင်ခဲ့တဲ့ အထိမ်းအမှတ်နေ့မှာ မနက်ဖန်ဟာ ဒီကနေ့ထက်ပိုပြီး တိုးတက် ကောင်းမွန်ရမယ်ဆိုတဲ့ဆောင်ပုဒ်အရ မြန်မာပြည်သူလူထု ခံစားနေရတာတွေကို အကူအညီပေးလိုတဲ့စေတနာနဲ့ လူမှုရေးလုပ်ငန်းဆောင်ရွက်နေကြတဲ့ ကုလသမဂ္ဂအဖွဲ့အစည်းတွေ၊ အန်ဂျီအိုအစိုးရနဲ့မပတ်သက်ဆိုင်တဲ့အဖွဲ့အစည်းတွေ ကိုယ်စား ထုတ်ပြန်ခဲ့တာဖြစ်တယ်” လို့ ပြောပြသွားတာပါ။

နောက်ပြီးတော့ မြန်မာစစ်အစိုးရအနေနဲ့ နိုင်ငံအတွင်းမှာ လူမှုရေးလုပ်ငန်းတွေကို ဝိုင်းဝန်းကူညီပေးနေကြတဲ့ အဖွဲ့အစည်းတွေကို သံသယကင်းကင်း၊ သက်ာကင်းကင်းနဲ့ လုပ်ငန်းတွေကို တွင်ကျယ် အောင်လုပ်ခွင့်ပေးဖို့လိုတယ်လို့လည်းဆိုပါတယ်။ နောက် **ICRC** နိုင်ငံတကာကြက်ခြေနီအဖွဲ့ ဟာလည်း သူတို့ရဲ့ လုပ်ငန်းတွေကို လုံးဝနီးပါးရပ်ထားရတာမို့ စစ်အစိုးရ အာဏာပိုင်တွေအနေနဲ့ **ICRC** ရဲ့လုပ်ငန်းတွေ၊ လုပ်ငန်းသဘောသဘာဝနဲ့ သိက္ခာတွေကိုလည်း နားလည် သဘောပေါက်သင့်တယ် လို့လည်းပြောပါတယ်။

> “မြန်မာနိုင်ငံအတွက် အဖက်ဖက်ကနေဝိုင်းပြီး စဉ်းစားဆောင်ရွက်နေကြတဲ့အဖွဲ့ အစည်းတွေ အများကြီး ရှိပါတယ်။ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းတွေလည်း အများကြီးရှိပါတယ်၊ နိုင်ငံတွေဘယ်လိုပဲ ကွဲပြားကြပေမယ့်၊ အဖွဲ့အစည်းတွေ ဘယ်လိုပဲကွဲပြားကြပေမယ့် မြန်မာ့အရေး တိုးတက်အောင် ဆောင်ရွက်ကြမယ်ဆိုတဲ့ စေတနာကတော့ အတူတူပဲဖြစ်သလို တခုတည်းပါဘဲ ဆိုတာကို မြန်မာစစ်အစိုးရနားလည် သဘောပေါက်ဖို့လိုပါတယ်” လို့ ပြောပြသွားတာပါ။

နောက်ပြီးတော့ မြန်မာလူထုအတွက် လူမှုရေးအကူ အညီတွေပေးလိုကြတဲ့ နိုင်ငံတကာ အဖွဲ့အစည်းတွေအနေနဲ့လည်း  မြန်မာပြည်တွင်းလှုပ်ရှားလုပ်ကိုင်ရတဲ့ အခက် အခဲတွေရှိနေပါတယ်။ ဒါပေမယ့် သက်ဆိုင်ရာ

အာဏာပိုင်တွေ၊ ဒေသခံအောက်ခြေအဖွဲ့အစည်းတွေရဲ့ ကူညီမှုနဲ့ လူမှုရေး၊ ကျန်းမာရေးနဲ့ ပညာရေး ကဏ္ဍတွေမှာ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်အနေနဲ့ အထိုက်အလျောက် အကူအညီပေးနိုင်ခဲ့တဲ့အကြောင်း၊ ဒါပေမယ့် လူမှုရေးအထောက်အပံ့တွေပေးတဲ့နေရာမှာ ပွင့်လင်းမှုရှိဖို့လိုတယ် လို့လည်း သူကအခုလိုပြောပါ တယ်။

"လူမှုရေးအထောက်အပံ့တွေပေးတဲ့နေရာမှာ အရေးအကြီးဆုံးကတော့ ပွင့်ပွင့်လင်းလင်းနဲ့ ထင်သာမြင်သာရှိမှုပါဘဲ၊ အခု ကုလသမဂ္ဂနဲ့ အန်ဂျီအိုအဖွဲ့အစည်းတွေက ပွင့်လင်း ထင်သာမြင်သာရှိ မှုနဲ့ တာဝန်သိမှု၊ ကိုးစားအားကိုးတတ်မှုတွေနဲ့ဆောင်ရွက်နေကြတာပါ၊ ကျနော်တို့က Transparency ဖြစ်အောင်လုပ်တယ် ဆိုတဲ့အချက်ကလည်း ကျနော့်ကို နှင်ထုတ်ခံအောင်လုပ်တဲ့အချက်ဖြစ်နိုင်တယ်" လို့ ပြောပြသွားတာပါ။

နောက်ပြီး တော့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့ကိုယ်စား မြန်မာ့အရေးကြားဝင်ဆောင်ရွက်ပေးနေတဲ့ မစ္စတာ အီဘရာဟမ် ဂမ်ဘာရီ မြန်မာနိုင်ငံကို နောက်တခေါက်လာဖို့အတွက်ပြည်ဝင်ခွင့်ဗီဇာစောင့်နေတဲ့ အခြေအနေကို မေးရာမှာတော့ ဒီဇင်ဘာလမှာလာဖို့ စီစဉ်ထားပေမယ့်လို့ မသိရသေးတဲ့အကြောင်း ပြောပါ တယ်။ ဒါပေမယ့် သူပြောနိုင်တာကတော့ မစ္စတာဂမ်ဘာရီဟာ မြန်မာ့အရေးကို ကြိုးစားတဲ့နေရာမှာ ဖွဲ့မလျော့ပါဘူးလို့ သူက အခုလိုပြောပါတယ် –

"မြန်မာနိုင်ငံ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် စိတ်ပိုင်းဖြတ်ထားပြီး သံဓိဋ္ဌာန် ချထားတယ်ဆိုတာကို သူနဲ့အနီးကပ်တွေ့ဆုံခွင့်ရခဲ့လို့ သိခွင့်ရခဲ့ပါတယ်တဲ့။ ကုလသမဂ္ဂရဲ့ စနစ်ကြီး တခုလုံးကို မြန်မာစစ်အစိုးရက နားလည်ဖို့လည်းလိုအပ်ပါတယ်တဲ့။ ကုလသမဂ္ဂအပေါ် သံသယနဲ့ သက်ာမကင်းဖြစ်နေတာတွေ ပြေပျောက်အောင် ကြိုးစားဖို့လည်းလိုပါတယ်" လို့ သူကပြောပြသွား တာပါ။

ကုလသမဂ္ဂကလည်း မြန်မာနိုင်ငံအရေးကို ကြိုးစားပေးနေတယ်ဆိုတာတော့ မြန်မာနိုင်ငံရဲ့ အမျိုးသား ပြန်လည်သင့်မြတ်ရေးအလားအလာကို မေးကြည့်တဲ့အခါမှာတော့ မစ္စတာ ချားလ်စ် ပက်ထရီ က အခုလို ပြောပါတယ် –

"ခန့်မှန်းရခက်ခဲပါတယ်တဲ့၊ ဒါပေမယ့် ဩဂုတ်လထဲမှာဖြစ်မယ့် ဆန္ဒပြပွဲတွေဖြစ်မယ်လို့ ဘယ် သူကမှ ကြိုတင်ခန့်မှန်းထားတာမဟုတ်ပါဘူးတဲ့။ မစ္စတာ ဂမ်ဘာရီ ထပ်ခါတလဲလဲပြောနေတဲ့အတိုင်း ပါဘဲတဲ့၊ မြန်မာ့နိုင်ငံရေး တိုးတက်မယ့်အလားအလာနဲ့ အခွင့်ကောင်းတွေရှိနေပါတယ်တဲ့။ တွေ့ဆုံ ဆွေးနွေးရေးအတွက် စေတနာမှန်မှန်နဲ့ ရိုးရိုးသားသားဆောင်ရွက်ခဲ့မယ်ဆိုရင် မြန်မာနိုင်ငံရဲ့ အလား အလာက ကောင်းမှာပါဘဲတဲ့။ ပြဿနာတွေကို မကိုင်တွယ်ဘဲ၊ အမှန်တရားတွေကိုမရင်ဆိုင်ဘဲ ဗိုလ်နေမြဲ ကျားနေမြဲအတိုင်းသာ နေသွားမယ်ဆိုရင်တော့ မခန့်မှန်းတတ်ဘူး" လို့ သူကဖြေဆိုသွား ပါတယ်။

ဆက်လက်ပြီးတော့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အပေါ် သူ့ရဲ့အမြင်ကိုလည်း မေးကြည့်ဖြစ်ပါသေးတယ်။ သူက ဒေါ်အောင်ဆန်းစုကြည်ကို မစ္စတာ ရာဇာလီ လာတုံးကတခါ၊ မစ္စတာ ပင်ညဲရိုး လာတုံးကတခါ တွေ့ဆုံးဖူးပါတယ်တဲ့။ ၂၀၀၄ ခုနှစ်မှာ ဒေါ်အောင်ဆန်းစုကြည် ကို နောက်ဆုံး တွေ့ခဲ့ရတာလို့ သူက အခုလိုပြောပါတယ် –

"စကားလုံးအမှန်ကို ရွေးပြီးပြောရမယ်ဆိုရင်တော့ ဒေါ်အောင်ဆန်းစုကြည်ဟာ သိပ်ကို ထူးခြားပြောင်မြောက်တဲ့သူတယောက်ပါ။ ခေါင်းဆောင်တယောက်အနေနဲ့လည်း အားလုံးကလေးစား ပြီးတော့ ဂုဏ်ယူ အားကျလောက်တဲ့ သူတယောက်ဖြစ်ပါတယ်တဲ့။ ဒါကြောင့် ဒီနိုင်ငံတိုးတက်အောင် သူပါဝင်ဖို့အခန်းကဏ္ဍက အလွန်ဘဲအရေးကြီးပါတယ်တဲ့။ ဒါကြောင့် အမျိုးသားပြန်လည်သင့်မြတ်ရေး အတွက် ဒေါ်အောင်ဆန်းစုကြည်နဲ့ စစ်အစိုးရစကားပြောဖို့ အလွန်ပဲအရေးကြီးပါတယ်တဲ့။ စစ်အစိုးရဲ့ ဆက်ဆံရေးဝန်ကြီး ဦးအောင်ကြည်နဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ ဆွေးနွေးတာအောင်မြင်ဖို့လည်း အရေးကြီးတယ်" လို့ သူကပြောပြသွားတာပါ။

နောက်ဆုံးမေးခွန်းကတော့ သူ့နေရာမှာ တာဝန်ယူမယ့်ပုဂ္ဂိုလ်အတွက်ကော သူ့လိုပဲ နှင်ထုတ်ခံရမှာကို စိုးရိမ် မိပါသလားလို့မေးကြည့်ပါတယ်။ မစ္စတာချားပက်ထရီက –

> "ကြေငြာချက်ထုတ်တာကြောင့် နိုင်ငံထဲကထွက်ပေးရတာ ပြဿနာမဟုတ်ပါဘူးတဲ့။ ကြေငြာချက်ထုတ်ပြီး နိုင်ငံထဲမှာ ဆက်ပြီးနေထိုင်ခွင့်ရဖို့၊ လုပ်ခွင့်ရဖို့ကသာ စိန်ခေါ်တဲ့ပြဿနာ တရပ်ပါတဲ့။ အာဏာပိုင်တွေတင်မကပါဘူး၊ နိုင်ငံရဲ့အရေးပါတဲ့သူတွေအားလုံး နိုင်ငံပြင်ပကနေ မြန်မာပြည်သူအပေါ် စာနာကြတဲ့သူတွေအားလုံး သိစေလိုတာကတော့ မြန်မာလူထုရဲ့ လူမှုစီးပွား အကျပ်အတည်းတွေကို ကူညီပေးဖို့ ကုလသမဂ္ဂအဖွဲ့အစည်းတွေ မြန်မာနိုင်ငံမှာ တာဝန်ယူနေတာ ဖြစ်ပါတယ်တဲ့။ ဒါကြောင့် သူ့နေရာကို တာဝန်ယူမယ့်သူအနေနဲ့ တာဝန်သက်တမ်းစေ့ ထမ်းဆောင်ပြီးတော့ မြန်မာလူထုရဲ့ လူမှုစီးပွားအကျပ်အတည်းတွေကို ကုလသမဂ္ဂရဲ့ကိုယ်စား အထမြောက်အောင် တာဝန်ယူပေးနိုင်ပါလိမ့်မယ်" လို့ သူမျှော်လင့်တဲ့အကြောင်းပြောပြသွားတာဖြစ်ပါတယ်။